သမော်အင်းကျေးရွာ

ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

သမော်အင်းကျေးရွာ၊ ပွင့်ဖြူမြို့နယ်

( သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ

# မာတိကာ


စကားချီး

သရက်အုပ်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ပွင့်ဖြူမြို့နယ်

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်**

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ပထဝီဝင်အနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ ) သဘာဝအရင်းအမြစ်

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေးဆိုင်ရာ အချက်အလက်များ

(ခ ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ ) သီးနှံ၊သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များ ဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ပန်းတိုင်နှင့်ဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ ) အကောင်အထည်ဖော်နည်းဗျူဟာ

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

(ခ ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး

(ဂ)  ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ )  ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း

(ဂ)  ဦးစားပေးစီမံချက်များ

(ဃ)  အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉)  ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ )ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ

၇။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ ) နည်းပညာဆိုင်ရာအကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးစီမံချက် အထောက်အကူပြုဇယားများ**

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရ လုပ်ငန်းအမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့်ကျား၊ မအလိုက်အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထားများ
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စု
ဇယား ၈ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်အုပ်စု
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂လအတွင်း ကာကွယ်ဆေးထိုးနှံမှုများ
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား၊ မရေးရာ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ
**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)**
**နောက်ဆက်တွဲ (၃) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**
**နောက်ဆက်တွဲ (၄) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း**
**ကိုးကားစာရင်း**

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ခုနှစ် ဘဏ္ဍာရေးနှစ်အထိ(၅)နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ကနဦး အနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်းမြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူး

ပင် ကျေးဇူးတင်ရှိပါသည်။ အရေးအကြီးဆုံး အချက်အလက်များနှင့် အကြံညဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့<br>သမော်အင်းကျေးရွာ<br>ပွင့်ဖြူမြို့နယ်

# သမော်အင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပွင့်ဖြူမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်း များ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်း အချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါ သည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက် ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသန လုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

### (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါ သည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ပွင့်ဖြူမြို့နယ်၏ တောင်ဘက်တွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ပွင့်ဖြူမြို့ နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ဖြစ်ပါသည်။ ဒေသ ၏တစ်နှစ် ပျမ်းမျှမိုးရေချိန်လက်မ ၆၀မှ၈၀ ဝန်းကျင်တွင် ရှိပြီ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုသည်။ ကျေးရွာတည်ရှိရာသည် မြေပြန့်ပိုင်းတွင် တည်ရှိပြီး ကျေးရွာအနီးတွင် တောတောင် မြစ်ချောင်းများ မရှိပဲ မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်သည်။ လယ်ယာမြေများသည် စပါး၊ပဲ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းပြုရန်အတွက် အဓိက အားထားရာဖြစ်သည်။ ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ပွင့်ဖြူမြို့ ရေလွှမ်းမိုးမှုရှိပါသည်။ အနာဂတ် မှာလည်း ရေကြီး ရေလွှမ်းမိုးမှု အန္တရာယ် ရှိနေဆဲ ဖြစ်ပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

လယ်ယာမြေအသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင်သယံဇာတမထွက်ရှိပါ။ တောင်သူအများစုမှာ ဆည်တော်ရေဖြင့် လယ်မြေဧက (၄၀၁)ခန့်ကိုသာ ရေသွင်း စိုက်ပျိုးနိုင်သည်။ မြေအောက်ရေ အသုံးပြုမှု အသင့်အတင့်ရှိပါသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက (၇၉၆)ဧကရှိပြီး စပါးနှင့် ပဲမျိုးစုံ စိုက်ပျိုးရရှိပါသည်။

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာ အချက်အလက်များ**

သမော်အင်းကျေးရွာတွင် နို့စို့အရွယ်၂ရာခိုင်နှုန်း၊၅နှစ်အောက် ကလေးငယ် ၆ရာခိုင်နှုန်း၊ မူလတန်း ကျောင်းသားအရွယ် ၈ ရာခိုင်နှုန်း၊အလယ်တန်း ကျောင်းသားအရွယ် ၈ရာခိုင်နှုန်းရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ၆၈ရာခိုင်နှုန်း ရှိပါသည်။ သက်ကြီးရွယ်အိုအရွယ် ၈ရာခိုင်နှုန်းသာ ရှိပါသည်။ တစ်အိမ်ထောင်တွင် ပျမ်းမျှလူဦးရေ(၄)ဦးသာ ရှိသောကြောင့် နိုင်ငံတော်မှ သတ်မှတ်ထားသော လူသားအရင်းအမြစ်ဦးရေအား ပြည့်မီသူမရှိပါ။

**(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု**

သမော်အင်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ကိုင်သူ၃၄ရာခိုင်နှုန်း ရှိပြီး ကျဘမ်းလုပ်ကိုင်သူ ၁၃ရာခိုင်နှုန်းရှိပါသည်။ မွေးမြူရေးလုပ်ကိုင်သူ ၁.၄ ရာခိုင်နှုန်းရှိပြီး ထုတ်ကုန်လုပ်ငန်းလုပ်ကိုင်သူ ၀.၅ရာခိုင်နှုန်းရှိပါသည်။ လက်သမား၊ပန်းရံလုပ်ကိုင်သူ ၁.၂ရာခိုင်နှုန်းရှိပြီး စက်ဘီးပြင်နှင့် စက်ပြင်လုပ်ငန်းလုပ်ကိုင်သူ ၀.၅ရာခိုင်နှုန်းရှိပါသည်။ စက်ချုပ်၊ဆံပင်ညှပ်သူ (၀.၅)ရာခိုင်နှုန်းရှိပြီ လက်လီလက်ကားရောင်းဝယ်သူ ၆.၂ ရာခိုင်နှုန်းရှိပါသည်။ ကားမောင်းလုပ်ငန်းလုပ်ကိုင်သူ (၀.၄) ရာခိုင်နှုန်း ရှိပြီး ပြည်သူ့ဝန်ဆောင်မှုဝန်ထမ်းလုပ်ကိုင်သူ ၁ရာခိုင်နှုန်း ရှိပါသည်။ ပညာရေးဝန်ထမ်း လုပ်ကိုင်သူ ၀.၂ ရာခိုင်နှုန်းရှိပြီး ပြည်တွင်း၊ပြည်ပကုမ္ပဏီများတွင် သွားရောက်လုပ်ကိုင်သူ ၁.၂ ရာခိုင်နှုန်းရှိပါသည်။ ကျား/မ အလိုက်အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထားများမှာ လယ်ယာလုပ်ငန်းခွင်တွင် ကျား(၄၀၀၀)ကျပ်၊မ(၃၀၀၀)ကျပ်မှာ အများဆုံးရရှိပြီး၊ အနည်းဆုံးလုပ်အားခမှာ နေ့စားကျား(၂၀၀၀)ကျပ်နှင့်မ(၁၅၀၀)ကျပ် ရရှိကြောင်းတွေ့ရှိရပါသည်။ သို့သော် ရာသီအလိုက် ပုံမှန်မဟုတ်ပါ။ ဆောက်လုပ်ရေး၊ပန်းရံ၊လက်သမားများ၏ နေ့စားလုပ်အားခနှုန်းထားမှာ ကျား (၅၀၀၀)ကျပ်နှင့် မ(၃၅၀၀)ကျပ် ရရှိပြီး၊ ကျွမ်းကျင်ပညာရှင်များ၏ နေ့စားလုပ်အားခနှုန်းထားမှာ ကျား(၂၀၀၀)ကျပ်၊ မ(၁၅၀၀)ကျပ် ရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

သမော်အင်းကျေးရွာတွင် ဉစ္စာဓနအဆင့်အခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စု (၇)စု ဖြစ်ပြီး အိမ်များကို အုတ်၊တိုက်၊ သွပ်မိုးထားကြပါသည်။ အခြားပိုင်ဆိုင်မှုများမှာ ထွန်းစက်၊ လက်တွန်းထွန်စက်၊ ခြွေလှေ့စက်၊ ရေစုပ်စက်တို့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့အိမ်ထောင်စုများမှာ စုစုပေါင်း အိမ်ထောင်စု၏ ၂ရာခိုင်နှုန်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ ၂၆စုရှိပြီး အိမ်အဆောက်အဦးများကို ပျဉ်ထောင်၊ ပျဉ်ခင်း၊သွပ်မိုးအိမ်များဖြစ်ကြပြီး အခြားပိုင်ဆိုင်မှုမှာ လက်တွန်းထွန်စက်၊ ရေစုပ်စက်၊ ခြွေ့လှေစက်တို့ ရှိကြပြီး အိမ်ခြေစုစုပေါင်း၏ ရာခိုင်နှုန်းအားဖြင့် ၆ရာခိုင်နှုန်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ဆင်းရဲသော အိမ်ထောင်စုမှာ ၉၄စု တွေ့ရပြီး အဆောက်အဦးအိမ်များကို ဝါး၊ ဝါးထရံ၊ သွပ်မိုးအိမ်များ ဖြစ်ကြပါသည်။ အခြားပိုင်ဆိုင်မှုများမှာ ရေစုပ်စက်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ အိမ်ခြေစုစုပေါင်း၏ ရာခိုင်နှုန်းအားဖြင့် ၂၂ ရာခိုင်နှုန်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ စုစုပေါင်း အိမ်ထောင်စု၏ ၇၁ရာခိုင်နှုန်းရှိပြီး အလွန်ဆင်းရဲသော အိမ်ထောင်စုမှာ ၃၀၆ အိမ်ထောင်စုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ အိမ်အဆောက်အဦးများကို ဝါး၊ထရံ၊ သွပ်မိုးများဖြင့် ဆောက်လုပ်ထားကြပြီး အခြားပိုင်ဆိုင်မှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ဝမ်းစာဖူးလုံမှုကို စစ်တမ်းကောက်ရာတွင်

၃လအောက် အိမ်ထောင်စုမှာ (၄.၂)ရာခိုင်နှုန်းရှိပြီး, ၃လအောက်နှင့် ၆လအောက် အိမ်ထောင်စုမှာ ၇၂.၂၆ ရာခိုင်နှုန်း ဖြစ်ပြီး ၆လမှ ၁၂လအောက်အထိ အိမ်ထောင်စုမှာ ၂၃.၅၃ ရာခိုင်နှုန်းသာရှိပြီး အိမ်ထောင်စုအားလုံးမှာ အထောက်အပံ့ချေးယူခြင်း၊ လုပ်အားခ ကြိုတင်ယူခြင်းတို့ကို လေ့လာတွေ့ ရှိရပါသည်။ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေမှာ မိသားစု စောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို (၆၀)နှစ်အထက်မှာ ကျား(၅)ဦး၊မ(၈)ဦး ရှိပြီး ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ၃စု၊ ဆင်းရဲ၍ မိသားစု ဦးရေ များသည့် မုဆိုးဖို၊တစ်ခုလပ် အိမ်ထောင်စုမှာ ၃စုနှင့် အခြားဒေသသို့ ကြမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စုမှာ ၉စု ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာ၏ ထိခိုက်သက်ရောက်မှု၊ လွယ်ကူမှုအခြေမှာ အလုပ်အကိုင်ပေါများခြင်းကြောင့် ထိခိုက်လွယ်ကူမှု အခြေအနေမှာ အသင့်အတင့်ရုံမျှသာရှိပါသည်။ မုန်းချောင်း၊တမံတို့နှင့် နီးစပ်သဖြင့် ထိခိုက်လွယ်ကူမှုမှာ အလတ်တန်းစားရှိပါသည်။ ငလျင်နှင့် မီးဘေးမှာ ဖြစ်လေ့ဖြစ်ထ နည်းပါးသဖြင့် သက်ရောက်မှု အန္တရာယ် (နိမ့်)အဆင့်ရှိသည်။ မိုးခေါင်းဒေသဖြစ်ခြင်းကြောင့် မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှုမျာ ထိခိုက်လွယ်မှု နိမ့်ပါးပါသည်။ ကာကွယ်ထိရောက်မှု မရှိခြင်း ကြောင့် ငှက်ဖျားရောဂါ၊တီဘီရောဂါ၊ ကိုယ်ခံအား ကျဆင်းမှု ရောဂါတို့မှာ နိမ့်အဆင့်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာ လမ်းဖောက်လုပ်မှု လိုအပ်ချက်ရှိခြင်းကြောင့် လတ်အဆင့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ထိခိုက်သက်ရောက်မှုခံရနိုင်သည့် သူများမှာ လူငယ်များနှင့် အမျိုးသမီးဦး ဆောင်သော ဆင်းရဲသည့် အိမ်ထောင်စု၏ ထိခိုက်မှုမျာ နိမ့်ပါးကြောင်း တွေ့ရှိရပါသည်။ မြေယာမဲ့ ဆင်းရဲသော တောင်သူ လက်လုပ်၊ လက်စား၊ ကျပန်းများ ထိခိုက်မှုမှာ မြင့်အဆင့်ရှိကြောင်း တွေ့ရှိ ရပါသည်။ လှည့်လည်သွားလာ၍ ရွှေ့ပြောင်းလုပ်သားများ၏ ထိခိုက်မှုမှာ မြင့်မားနေကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

သမော်အင်းကျေးရွာတွင် ကျေးရွာသူ/သားများသည် တကိုယ်ရေသန့်ရှင်းမှုရှိကြပြီး ကျန်းမာရေးနှင့် အာဟာရ ပြည့်ဝမှု အပြည့်အဝရှိကြပါသည်။ ကျန်းမာရေး အသိအမြင်လည်း ရှိကြပါသည်။ ကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် ရွာမှ (၅)မိုင် ကွာဝေးသော ပွင့်ဖြူမြို့နယ်တိုက် နယ် ဆေးရုံသို့ သွားရောက်ကုသကြပါသည်။ ကျေးရွာတွင် ဝမ်းပျက်၊ဝမ်းလျှော၊ငှက်ဖျား၊တီဗွီ၊ဆီးချို ၊အသဲရောဂါ(ဘီ၊စီ) အာဟာရချို့တဲ့မှုတို့မှာ နည်းပါးကြောင်း တွေ့ရှိရပါသည်။ သွေးလွန်တုတ်ကွေး နှင့် အခြားကူးစက်နိုင်သော ရောဂါများမှာ အဆင့်မြင့်နေရာတွင် ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ သွေးတိုးရောဂါသည်လည်း အဖြစ်များပါသည်။

**(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ**

သမော်အင်းကျေးရွာတွင် ပညာရေးနှင့် စာတတ်မြောက်မှုမှာ ကျေးရွာရှိ ရွာသူ/သား အများစု သည် အခြေခံစာရေး၊စာဖတ်တို့ကို အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ စာမတတ်သူဦးရေမှာ ကျား(၁၉)ဦး၊ မ(၃၁)ဦး၊ (၉)နှစ်နှင့် အထက်လူဦးရေ၏ ရာခိုင်နှုန်းမှာ (၃.၆)ရာခိုင်နှုန်း၊ဘုန်းကြီး ကျောင်းသင် ပညာရေးမှာ ကျား(၂၀၅)ဦး၊မ (၁၈၇)ဦးပေါင်း (၃၉၂)ဦး၊၉နှစ်နှင့်အထက် လူဦးရေ၏ ရာခိုင်နှုန်းမှာ (၂၄.၆)ရာခိုင်နှုန်းရှိပြီး၊ မူလတန် မပြီးဆုံးသူဦးရေမှာ ကျား(၆၄)ဦး၊ မ(၁၀၃)ဦး ပေါင်း(၁၆၇)ဦး၊၉နှစ်နှင့်အထက် လူဦးရေ၏ ရာခိုင်နှုန်းမှာ(၁၀.၂၅)ရာခိုင်နှုန်း၊ မူလတန်း ပညာရေး ပြီးဆုံးသူ ကျား(၂၉၉)ဦး၊ မ(၃၅၄)ဦး(၉)နှစ်အထက်လူဦးရေ၏ ရာခိုင်နှုန်းမှာ (၄၀.၈)ရာခိုင်နှုန်း၊ အလယ်တန်း ပညာရေးပြီးဆုံးသူဦးရေမှာ ကျား(၁၁၃)ဦး၊ မ(၁၀၂)ဦး၊ ပေါင်း(၂၁၅)ဦး၊၉နှစ်နှင့် အထက် လူဦးရေ၏ ရာခိုင်နှုန်းမှာ(၁၃.၂)ရာခိုင်နှုန်းဖြစ်ပြီး၊ အထက်တန်း ပညာရေးပြီးဆုံးသူဦးရေ မှာ ကျား(၃၅)ဦး၊မ (၄၄)ဦးပေါင်း (၇၉)ဦး၊ ၉နှစ်နှင့်အထက်လူဦးရေ၏ ရာခိုင်နှုန်းမှာ(၄.၈၄)ရာခိုင်နှုန်း ဖြစ်ပြီး၊တက္ကသိုလ် ပညာရေးပြီးဆုံးသူဦးရေမှာ ကျား(၂၆)ဦး၊မ(၄၇)ဦးပေါင်း (၇၃)ဦး၊၉နှစ်

အထက်လူဦးရေး၏ ရာခိုင်နှုန်းမှာ (၄.၄၈)ရာခိုင်နှုန်းဖြစ်ပြီး ၉နှစ်အထက်လူဦးရေပေါင်း ကျား(၇၆၁) ဦး၊မ(၈၆၈)ဦး ပေါင်း(၁၆၂၉)ဦး ၉နှစ်အထက်လူဦးရေ ရာခိုင်နှုန်းမှာ (၁၀၀)ရာခိုင်နှုန်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(စ) ကျား/မရေးရာကိစ္စဆိုင်ရာ**

သမော်အင်းကျေးရွာတွင် ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထားများ မှာ လယ်ယာလုပ်ငန်းခွင်တွင် ကျား(၄၀၀၀)ကျပ်၊ မ(၃၀၀၀)ကျပ်မျာ အများဆုံး ရရှိပြီး အနည်းဆုံး လုပ်အားခမှာ နေ့စား ကျား(၂၀၀၀)ကျပ်နှင့် မ(၁၅၀၀)ကျပ် ရရှိကြောင်း တွေ့ရှိရပါသည်။ သို့သော် ရာသီအလိုက် ပုမှန်မဟုတ်ပါ။ ဆောက်လုပ်ရေး၊ ပန်းရံ၊လက်သမားများ၏ နေ့စား လုပ်အားခနှုန်းထားမှာ ကျား(၅၀၀၀)ကျပ်၊ မ(၃၅၀၀)ကျပ် ရရှိပြီး၊ ကျွမ်းကျင်ပညာရှင်များ နေ့စား လုပ်အားခနှုန်းထားမှာ ကျား(၂၀၀၀)ကျပ်၊မ(၁၅၀၀)ကျပ် ရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ လူထု အခြေပြုအဖွဲ့အစည်းများမှာ ဝတ်အသင်း ကျား(၁၃)ဦး၊ မ(၂၃)ဦး၊ အရံမီးသတ်တပ်ဖွဲ့တွင် ကျား(၁၅)ဦး၊ ကာလသား ကျား(၂၀)ဦး၊သမ ကျား(၃၀)ဦး၊ ဝက်ဘဏ် မ(၄၀)ဦး၊ ရှိကြောင်းတွေ့ရှိရ ပါသည်။ ကျေးရွာတွင် သတ်မှတ်အဖွဲ့အစည်းများရှိသော်လည်း ကျေးရွာအတွင်းရှိ လူဦးရေမှာ အကြောင်းအမျိုးမျိုးကြောင့် ပြည့်စုံမှု မရှိသဖြင့် ပေါင်းစပ်လုပ်ကိုင်မှုဖြင့်သာ လုပ်ဆောင် နေရကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် ကျန်းမာရေးရာ၊ ကိစ္စရပ်များဆိုင်ရာ အနေအထားမှာ ကင်းရှင်းပါသည်။ ကျေးရွာစီမံခန့်ခွဲမှုစနစ်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများမှာ တက်ကြွစွာ ပါဝင်ကြပါသည်။ ကျေးရွာအတွင်းရှိ မိန်းကလေးများအားလုံး သံသယ ဖြစ်ဖွယ်အကြမ်း ဖက်မှု မရှိကြောင်း တွေ့ရှိရပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရရှိစေရန် ဟောပြောပွဲများ ပြုလုပ်ပေးခြင်းဖြင့် အသိပညာပေးခြင်းတို့ခြင့် ပိုမို အထောက်အပံ့ဖြစ်လာနိုင်ပါကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။

**၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် သတ်မှတ်အဖွဲ့အစည်းများရှိသော်လည်း ကျေးရွာအတွင်းရှိ လူဦးရေမှာ အကြောင်းအမျိုးမျိုးကြောင့် ပြည့်စုံမှု မရှိသဖြင့် ပေါင်းစပ်လုပ်ကိုင်မှုဖြင့်သာ လုပ်ဆောင်နေရ ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းမှာ (ပက်မြန်မာ) အဖွဲ့အစည်းသာရှိပါသည်။ သို့သော်လည်း ငွေစု၊ ငွေကြေးစနစ် ဖြင့် ဆောင်ရွက်နေသောကြောင့် လိုအပ်ချက်များ ပြည့်မီနိုင်ရန် နည်းပါမှုကြောင့် ကျေးရွာအတွင်းမှ အတိုးနှုန်းကြောင့် လိုအပ်ချက်များ ဖြည့်တင်နိုင်ရန် နည်းပါးမှုကြောင့် ကျေးရွာအတွင်းမှ အတိုးနှုန်း ကြီးစွာဖြင့် ချေးယူစားသောက်နေရကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ) သီးနှံ၊သားငါး ထုတ်လုပ်ရေးကဏ္ဍ**

သမော်အင်းကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ (၄၀၁)ကေ လယ်မြေရှိပြီး မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင်ရှိပါသည်။ ဆည်ရေကို ဆည်တော်ရေလွှဲဆည်မှ ရရှိပါသည်။ ယာမြေ တွင် (၃၉၅) ကေရှိပြီး မြေအောက်ရေကို စက်ဖြင့် စုပ်ယူစိုက်ပျိုးရပြီး မြေဆီလွှာအရည်အသွေးမှာ သင့်တင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာမှာ ရေသောက်ကေ (၄၀၁)ဖြစ်ပြီး ရာသီအလိုက် ရေလုံလောက်မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ အခြားရေသောက် ကေမှာ (၃၉၅)ရှိပြီး မိုးရေကိုသာ အဓိကထား စိုက်ပျိုးရပြီး တနှစ်ပတ်လုံး ရရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။ အဓိကသီးနှံများနှင့် ထွက်နှုန်းတွေ့ရှိချက်မှာ စပါးစိုက်ကေ (၄၀၁)ကေရှိပြီး သီးနှံထွက်ရှိ မှုနှုန်းထားမှာ အနည်းဆုံး ၅၀တင်းမှ ၈၀တင်း ဖြစ်ပြီး ပျမ်းမျှနှုန်းမျာ ၆၀တင်း ဖြစ်ပြီး စိုက်ပျိုးမည့် ကာလမှာ ဝါဆိုလမှ သီတင်းကျွတ်လထိ ဖြစ်ပါသည်။ ကုလားပဲစိုက် ကေမှာ(၂၀၅)ကေရှိပြီး သီးနှံ ထွက်ရှိမှုမှာ အနည်းဆုံး ၁၀တင်းနှင့်အများဆုံး၁၅ တင်းဖြစ်ပြီး ပျမ်းမျှနှုန်းမှာ ၈တင်းဖြစ်ပါသည်။

စိုက်ပျိုးသည့်ကာလမှာ  သီတင်းကျွတ်လမှ တပို့တွဲလအထိဖြစ်ပါသည်။ မတ်ပဲစိုက်ပျိုးသည့်ကာလမှာ ကုလားပဲနှင့် အတူတူပင်ဖြစ်ပါသည်။ မတ်ပဲစိုက်ပျိုးဧကမှာ ၁၉၀ဧကရှိသည်။ နှမ်းစိုက်ဧကမှာ ၃၉၅ဧကရှိပြီး သီးနှံအထွက်နှုန်းမှာ အနည်းဆုံး ၅တင်း၊ အများဆုံး ၁၂တင်း ရရှိပြီ ပျမ်းမျှရရှိသော အထွက်နှုန်းမှာ ၈တင်းဖြစ်ပါသည်။ စိုက်ပျိုးသည့်ကာလမှာ ကဆုန်လမှ ဝါခေါင်လထိဖြစ်ပါသည်။ သီနှံထုတ်လုပ်မှုအတွက် ပြဿနာများမှာ စိုက်ပျိုးမြေဧရိယာ တိုးချဲ့နိုင်ရန် မြေပြန့်မရှိပါ။ ငွေကြေးအရင်းအနှီးနည်းပါးခြင်း မြေဩဇာ ဈေးနှုန်းကြီးမားခြင်းတို့ကြောင့် မြေဆီလွှာအခြေနေမှာ အသင့်အတင့် သာရှိပါသည်။ မွေးမြူရေးမှာ နွားဆိတ်သိုးဝက်နှင့် ကြက်တို့ကို မွေးမြူကြပါသည်။ တိရစ္ဆာန်များအတွက်  ချေးငွေရရှိပါသည်။ ရာသီအကူးအပြောင်းတွင် ကူးစက်ရောဂါများ ဖြစ်ပွားလေ့ရှိပါသည်။ နည်းပညာအကူအညီနှင့် နည်းလမ်းများမှာ ထိရောက်သော အကူအညီများမရှိကြောင်း တွေ့ရှိရပါသည်။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်၊ လေလံများလက်လှမ်းမီမှု မရှိကြောင်း တွေ့ရှိရပါသည်။

**(ဂ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

သမော်အင်းကျေးရွာတွင် ထုတ်ကုန်လုပ်ငန်းမိသားစုဝင်လုပ်အားမှာ ၆ဦး ဆောက်လုပ်ရေးလက်သမား၊ ပန်းရံများ ၁၀ဦး၊ ယာဉ်စက်ကိရိယာ၊အိမ်သုံးပစ္စည်းများ ပြင်ဆင်ခြင်းမိသားစု လုပ်အား ၂ဦး၊ ဆံပင်အလှပြင် ၊အပ်ချုပ်မိသားစုဝင်လုပ်အား (၉)ဦး ၊ လက်လီလက်ကားရောင်းဝယ်ရေး မိသားစုဝင်လုပ်အား ၃၈ဦး၊ ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ရောင်းဝယ်ရေး မိသားစုဝင်လုပ်အား ၅ဦး၊ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေး၊ ဘေးကင်းလုံခြုံရေး)မိသားစုဝင်လုပ်အားမှာ ၃ဦးရှိပြီး၊ ပြင်ပ အဖွဲ့အစည်းများ၊ကုမ္ပဏီများတွင် လုပ်ကိုင်သူမိသားစုဝင်လုပ်အားမှာ ၁၀၆ဦးရှိပြီး၊ မိသားစုဝင်ရပ်တည်မှု စီးပွားရေး အဆင့်အတန်းမှာ လတ်အဆင့်သာရှိကြောင်း တွေ့ရှိရပါသည်။ စိုက်ပျိုးရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းများအတွက် အခွင့်အလမ်းမှာ ကျေးရွာတွင် အလုပ်လုပ်နိုင်သောလုပ်သားအင်းအားရှိပါသည်။ အသက်မွေးဝမ်းကျောင်းအတွက် လုပ်ငန်းများကို လေ့လာသင်ယူချင်ပါကြောင်း တွေ့ရှိရပါသည်။

**(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

သမော်အင်းကျေးရွာတွင် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများမှာ မြေဆီလွှာအခြေအနေသည် ဖြည့်တင်းခြင်း နည်းပါးမှုကြောင့် အန္တရာယ်ရှိမှုမှာ (လတ်)အဆင့် ရှိကြောင်း တွေ့ရှိရပါသည်။ အပင်မျိုးစိတ်များမှာ စိတ်ဝင်စားမှုအားနည်းခြင်းနှင့် ဖျက်ပိုးနှင့်ရောဂါကာကွယ်ရေး ထိန်ချုပ်မှုမှာ ဓါတုဆေးများသာ မှီခိုနေရသောကြောင့် ၎င်းစွန့်ပစ်ပစ္စည်းခန့်ခွဲမှုမှာ စနစ်တကျစွန့်ပစ်မှု မရှိသောကြောင့် အားလုံး၏ အန္တရာယ်ရှိမှုမှာ မြင့်မားကြောင်းတွေ့ရှိရပါသည်။

သမော်အင်းကျေးရွာတွင် ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်းများမှာ စိုက်ပျိုးစရိတ်ချေးငွေအတွက် အစိုးရ စိုက်ဘဏ်မှ ချေးငွေရရှိပါသည်။ သို့သော်လည်း ပေးဆပ်ရာတွင် အချိန်ကာလတိုးတောင်လှသဖြင့် အခက်အခဲများ တွေ့ရှိရပါသည်။ ပက်မြန်မာအဖွဲ့အစည်းမှ စိုက်ပျိုးစရိတ်ချေးငွေ အနည်းငယ်ရရှိပါသည်။ အတိုးနှုန်းမျာ ပြား(၈၀)နှင့် ပြန်လည်ပေဆပ်ရမည့် ကာလမှာ ၄လတာ ဖြစ်ကြောင်း အပေါင်းခံပစ္စည်း မလိုအပ်ကြောင်းတွေ့ရှိရပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

သမော်အင်းကျေးရွာတွင် ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်းများမှာ စိုက်ပျိုးစရိတ်ချေးငွေအတွက် အစိုးရ စိုက်ဘဏ်မှ ချေးငွေရရှိပါသည်။ သို့သော်လည်း ပေးဆပ်ရာတွင် အချိန်ကာလတိုးတောင်လှသဖြင့် အခက်အခဲများ တွေ့ရှိရပါသည်။ ပက်မြန်မာအဖွဲ့အစည်းမှ စိုက်ပျိုးစရိတ်ချေးငွေ အနည်းငယ်ရရှိပါသည်။ အတိုးနှုန်းမျာ ပြား(၈၀)နှင့် ပြန်လည်ပေဆပ်ရမည့် ကာလမှာ ၄လတာ ဖြစ်ကြောင်း အပေါင်းခံပစ္စည်း မလိုအပ်ကြောင်းတွေ့ရှိရပါသည်။

**(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်ကျင်သန့်ရှင်းရေး**

သမော်အင်းကျေးရွာတွင် စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများမှာ ကျောင်းနှင့်ရွာ၏ အကွာအဝေးမှာ ဖ၆ာလုံခန့်ရှိပြီး သယ်ယူပို့ဆောင်ရေးမှာ စက်ဘီး၊ခြေလျင် ဖြစ်ပြီး စာသင်ကျောင်း အရွယ်အစားမှာ အလျား၆ပေ ၊အနံ၃၀ပေနှင့် အမြင့်မှာ ၁၀ပေရှိကြောင်း တွေ့ရှိရပါသည်။ အမိုးမှာ သွပ်မိုးဖြစ်ပြီး နံရံမှာ အုတ်ပတ်ကာဖြင့် တည်ဆောက်၍ အခင်းမှာ သမံတလင်းဖြစ်ပြီး အရည်အသွေးမှာ ကောင်းမွန်ပါကြောင်းတွေ့ရှိရပါသည်။ ကျောင်းသုံး ပရိဘောဂမှာ လုံလောက်မှု ရှိပါသည်။ ဆရာ/တပည့်အချိုးမှာ ၁အချိုး၂၅ ဖြစ်ပါသည်။ မူလတန်းကျောင်းထွက်နှုန်းနှင့် မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ်များ မရှိပါ။ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ လုံလောက်မှုရှိပါသည်။ ကျောင်းအားကစားကွင်းဆိုင်ရာ ပစ္စည်းများမှာ လုံလောက်မှုမရှိပါ။ ကျေးရွာ၏ ကျောင်းအကျိုးတော်ဆောင်များက ၁နှစ်၁ကြိမ် မိဘဆရာအသင်း၏ အခန်းကဏ္ဍ ပြုလုပ်ပေးပါသည်။ လွန်ခဲ့သော ၁၂လအတွင်း ကာကွယ်ရေးထိုးနှံမှုမှာ အဆုတ်ရောင်ရောဂါ၊ ဆုံဆို့၊ ကြက်ညှာ၊မေးခိုင်နှင့် အသည်းရောင်အသား၀ါ၊ ပိုလီယိုရောဂါ၊မေခိုင်(ကိုယ်ဝန်ဆောင်ကာလအတွင်း) ၊ဝက်သက်ရောဂါ၊အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှုတို့မှာ ဆေးထိုးချိန်ရောက်လျှင် ပုံမှန် ဆေးထိုးပေးလေ့ရှိကြောင်း တွေ့ရှိရပြီး၊ အာဟာရပညာပေးလုပ်ငန်းစဉ်တို့မှာ မရှိကြောင်း တွေ့ရှိရပါသည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ကျေးရွာနှင့် ၅မိုင်ဝေးသော ပွင့်ဖြူမြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြရပါသည်။ ဆိုးဝါးသောကျန်းမာရေးနှင့် ပတ်သက်၍ မင်းဘူးမြို့နယ်ဆေးရုံသို့ သွားရောက် ကုသကြရပါသည်။ မင်းဘူးမြို့နယ်ဆေးရုံနှင့် ကျေးရွာ၏ မိုင်အကွာအဝေးမှာ ၂၇မိုင် ရှိကြောင်း တွေ့ရှိရပါသည်။ ရေနှင့်ပတ်ဝန်ကျင် သန့်ရှင်းရေး,သောက်သုံးရေ ရရှိမှုမှာ ကျေးရွာတွင် တုံကင် ၂၆၉နှင့် အဝီစိတွင်းစက်တပ် ၅၉ပေါင်း ၃၂၈လုံး ရှိပါသည်။ နွေးမိုးဆောင် သုံးရာသီလုံး သုံးရ၍ ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ အိမ်သာ အမျိုးအစားမှာ ယင်လုံအိမ်သာဖြစ်ပြီ အရေအတွက်မှာ ၃၈၁လုံး ရှိပါသည်။ ကျန်ရှိသော အိမ်ထောင်စု၅၂စု မှာ ဆင်းရဲ၍ အိမ်သာမဆောက်လုပ်နိုင်သောကြောင့် အိမ်သာရှိသော အိမ်များကို အသုံးပြုနေရပါကြောင်း တွေ့ရှိရပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

သမော်အင်းကျေးရွာတွင် ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေမှာ လူငယ်များအတွက် အပန်းဖြေနိုင်မည့်နေရာများ လက်လှမ်းမီမှုမရှိပါ။လူငယ်များသည် လူမှုရေးလုပ်ငန်းနှင့် ဘာသာရေး လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်မှုရှိပါသည်။ အားကစားပစ္စည်းများအား လက်လှမ်းမီမှု မရှိကြောင်း တွေ့ရှိရပါသည်။ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးတို့တွင် လူငယ်များ တက်ကြွစွာပါဝင်ကြောင်း တွေ့ရှိရပါသည်။ကျေးရွာတွင်စာကြည့်တိုက်ရှိပြီး လူငယ်များအတွက် ဗဟုသုတရရှိပါကြောင်းတွေ့ရှိရပါသည်။အင်တာနက် လက်လှမ်းမီမှုမှာ မိုဘိုင်းဖုန်းများမှတစ်ဆင့် ကြည့်ရှုနိုင်ပါကြောင်း တွေ့ရှိရပါသည်။

**(ဇ) အခြေခံအဆောက်အအုံ-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး**

လမ်းတည်ရှိမှုအခြေအနေမှာ ရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်ပြီး လမ်းအရည်အသွေးမှာ ကောင်းမွန်ကြောင်းတွေ့ရှိရပြီး (၁)နှစ်ပတ်လုံးသုံးစွဲနိုင်မှုနှင့်လမ်းအရှည်မှာ(၃)ဖာလုံရှိကြောင်းတွေ့ရှိရပါသည်။ရွာချင်းဆက်လမ်းမှာ ကျောက်ခင်းလမ်းဖြစ်ပြီး လမ်းအရည်အသွေးမှာ ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။(၁)နှစ်ပတ်လုံးသုံးစွဲနိုင်ပြီးလွယ်ကူချောမွေ့စွာသွားလာနိုင်ပါသည်။လမ်း၏အရှည်မှာ (၁)မိုင်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ကျေးရွာတွင် ကွန်ကရစ်တံတားများမရှိပါ။ရေပြွန်(၄)ခုသာ ရှိပါသည်။၂၀၁၅ခုတွင်တည်ဆောက်ခဲ့ပြီး(၁)နှစ်ပတ်လုံးအသုံးပြုနိုင်ပါသည်။ကျေးရွာ၏ ရေကြောင်းသယ်ယူပို့ဆောင်ရေးမှာ ကျေးရွာသည် မုန်းချောင်းဘေးတွင်တည်ရှိသော်လည်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ကိုသာ အသုံးပြုကြပြီး ရေလမ်းဆက်သွယ်ရေးမှု ပွင့်လင်းရာသီတွင်သာရုံဖန်ရံခါ အသုံးပြုကြပါသည်။ကျေးရွာတွင်စက်ဘီး(၃၃၅)စီး၊ မော်တော်ဆိုက်ကယ်(၂၅၀)စီး၊သုံးဘီးဆိုက်ကယ်ထော်

လာဂျီ(၈)စီး၊ကား(၆)စီး၊နွားလှည်း(၉၃)စီးရှိကြောင်း တွေ့ရှိရပါသည်။လျှပ်စစ်မီးရရှိမှု အခြေအနေမှာမဟာဓါတ်အားလိုင်း သုံးစွဲသော အိမ်ထောင်စု(၁၆၀)စုရှိပြီး ပြုပြင်ထိန်းသိမ်းရေးစနစ်မှာ ကောင်းမွန်ပြီး အခက်အခဲမရှိကြောင်း တွေ့ရှိရပါသည်။ ဆိုလာစနစ် သုံးစွဲသော အိမ်ထောင်စု(၃၀)စုရှိပြီး ပြုပြင်ထိန်းသိမ်းရေးစနစ်မှာ အသင့်အတင့်ရှိပြီး ရာသီဥတုမကောင်းလျှင် အခက်အခဲရှိပါသည်။ ကျန်ရှိသော အိမ်ထောင်စု(၂၄၃)စုမှာ မဟာဓါတ်အားလိုင်းနှင့် ဆိုလာစနစ် မသုံးစွဲနိုင်သောကြောင့် ဖယောင်းတိုင်ကိုသာ အသုံးပြုကြောင်း တွေ့ရှိရပါသည်။ကျေးရွာတွင် ဆက်သွယ်ရေးအတွက် ဖုန်း (၄၃၁) လုံး၊မိုးလေဝသနှင့် အခြားသတင်းအချက်အလက်များ နားထောင်နိုင်ရန် ရေဒီယို(၁၃၄)လုံး၊ ဗဟုသုတ၊သတင်းနှင့် အခြားစိတ်အပန်းဖြေနိုင်ရန် တီဗွီ(၁၅၆)လုံး၊ဂြိုလ်တုစလောင်း(၂၂)ခုရှိကြောင်း တွေ့ရှိရပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ဘေးကင်းလုံခြုံရေးဝန်ဆောင်မှု အထောက်အကူများမှာ ဆက်သွယ်ရေးအဆောက်အဦများ မရှိပါ။မိုဘိုင်းဖုန်းများရှိပါသည်။အာမခံလုပ်ငန်းများမှာ လက်လှမ်းမှီမှုမရှိပါ။လူထုအခြေပြုသဘာဝဘေးအန္တရာယ် ဝန်ဆောင်မှု များမှာ အသင့်အတင့်ရှိပါသည်။လျှော့ချရေး ဝန်ဆောင်မှု အစီအစဉ်မှာ မရှိပါ။ရဲစခန်းများ လက်လှမ်းမှီမှု ရှိပါသည်။ရဲစခန်းမှာ ရွာနဲ့ ၅မိုင်ခန့်ကွာဝေးကြောင်း လေ့လာတွေ့ရှိရပါသည်။ကျေးရွာတွင် မှုခင်းဖြစ်ပွားမှု အခြေအနေမှာ လူကုန်ကူးမှု၊ခိုးမှု၊မူးယစ်ဆေးသုံးစွဲမှုနှင့် အကြမ်းဖက်မှုတို့မှာ သာမန်အဆင့်သာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၅။ ဖွံ့ဖြိုးရေး အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေအနေများ**

ကျေးရွာတွင် သီးနှံထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများမှာ တောင်သူအချို့တွင် စိုက်ပျိုးမြေရှိသော်လည်း အစိုးရမှ စိုက်ပျိုးစရိတ်လုံလောက်စွာ မရရှိပါသဖြင့် မြေဆီသြဇာ အပြည့်အဝသုံးစွဲနိုင်ခြင်း မရှိပါ။မြေဆီသြဇာ ဈေးနှုန်းများကို သင့်တင့်သော ဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်လျှင် စိုက်ပျိုးစရိတ်ချေးငွေ အစိုးရဘဏ်မှ လုံလောက်စွာ ချေးပေးလျှင် သီးနှံထုတ်လုပ်မှုအတွက် တိုးတက်နိုင်ပါသည်။ကျေးရွာတွင်ရေရရှိမှုမှာ လုံလောက်မှုရှိ၍ မွေးမြူရေးအတွက် အခွင့်အလမ်းကောင်းပါသည်။ မျိုးကောင်းမျိုးသန့်များ ကျေးရွာသို့ အစိုးရမှ ဖြန့်ချိပေးနိုင်ပါက မွေးမြူရေးတိုးတက်စေရန်အတွက်လက်လှမ်းမှီနိုင်ပါသည်။မျိုးကောင်းမျိုးသန့်များစနစ်တကျကာကွယ်ဆေးထိုးပေးခြင်း၊နည်းပညာဆွေးနွေးပွဲများ ပြုလုပ်ပေးနိုင်လျှင် မွေးမြူရေးတိုးတက်နိုင်ပါသည်။ ကျေးရွာတွင် အသားရောင်းဝယ်ခြင်းရှိသဖြင့် အခြားဈေးကွက်ဖန်တီးပေးနိုင်လျှင် ပိုမို၍ ကျွန်တော်တို့ကျေးရွာတွင် မွေးမြူရေးကဏ္ဍ တိုးတက်လာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အခွင့်လမ်းမှာ အလုပ်လုပ်နိုင်သော လုပ်သားအင်အားရှိပါသည်။ အသက်မွေးဝမ်းကျောင်းအတွက် လုပ်ငန်းများကို လေ့လာသင်ယူချင်ကြပါကြောင်း တွေ့ရှိရပါသည်။

**(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု**

ကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက် ပြသနာများမှာ စိုက်ပျိုးမြေဧရိယာ တိုးချဲ့နိုင်ရန်မြေပြန့်မရှိသဖြင့် စိုက်ပျိုးမြေ တိုးချဲ့နိုင်မှုမရှိပါ။ငွေကြေးအရင်းအနှီး နည်းပါးခြင်း၊ မြေဆီသြဇာ ဈေးနှုန်း ကြီးမားခြင်းတို့ကြောင့် မြေဆီသြဇာ အခြေအနေမှာ အသင့်အတင့် ရှိပါသည်။ပက်မြန်မာမှ စိုက်ပျိုးစရိတ်ချေးငွေ အနည်းငယ်ရရှိသော်လည်း အစိုးရစိုက်ဘဏ်မှ ချေးငွေ လုံလောက်မှုမရှိပါသဖြင့် ငွေကြေးအရင်းအနှီး နည်းပါးနေသည်။စိုက်ပျိုးစရိတ်နည်းပါးခြင်းကြောင့် စိုက်ပျိုးရေးသွင်းအားစုများ အချိန်မှီသုံးစွဲနိုင်ခြင်းမရှိပါ။ ဆည်ရေ၊မြေအောက်ရေရရှိသောကြောင့် စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် ကောင်းမွန်ပါသည်။ စိုက်ပျိုးရေးတွင် စိုက်ပျိုးအရင်းအနှီးနည်းပါးခြင်း၊နည်းပညာ

အားနည်းခြင်း၊ဆေးဈေးကြီးမြင့်ခြင်းကြောင့် ဖျက်ပိုးနှင့် ရောဂါဒဏ်ခံရကြောင်း လေ့လာတွေ့ရှိရပါသည်။ကျေးရွာတွင် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ၏ အခြေအနေမှာ မွေးမြူရေးတွင် နွားဆိတ်၊သိုး၊ဝက်နှင့်ကြက်တို့ကို မွေးမြူကြပါသည်။တိရစ္ဆာန်များအတွက် ဈေးငွေများ ရရှိပါသည်။ရာသီအကူးအပြောင်းတွင် ကူးစက်ရောဂါများ ဖြစ်ပွားလေ့ရှိပါသည်။နည်းပညာ အကူအညီနှင့် နည်းလမ်းများမှာ လုံလောက်သော ထိရောက်မှုမရှိပါ။စီးပွားဖြစ်မွေးမြူရေးအတွက် လိုင်စင်၊လေလံများ လက်လှမ်းမီမှုမရှိပါ။ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများမှာ ပုံမှန်ဝင်ငွေရလုပ်ငန်းများနည်းပါးပါသည်။တစ်နှစ်ပတ်လုံးလုပ်ငန်းနှင့် ဝင်ငွေများမရရှိကြပါ။အသက်မွေးဝမ်းကျောင်းပညာများနည်းပါးပါသည်။နည်းပညာသင်တန်းနှင့် အသက်မွေးဝမ်းကျောင်းပညာများကိုလည်း သင်ယူချင်ပါကြောင်းလေ့လာတွေ့ရှိရပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(က.၁) ကျွန်ုပ်တို့ ကျေးရွာပြည်သူ့လူထုသည် လျှပ်စစ်မီး၊ကျောင်း၊ဆေးပေးခန်း၊ရွာချင်းဆက်လမ်းများ ရရှိလာပါက ကျွန်ုပ်တို့ လူနေမှုအဆင့်အတန်းများ မြင့်မားလာပြီး ဝင်ငွေများ တိုးပွားလာမည် ဖြစ်သည်။

(က.၂) ကျွန်ုပ်တို့ကျေးရွာပြည်သူလူထုသည် စိုက်ပျိုးမွေးမြူရေး နည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ ရရှိလာပါက ကျွန်ုပ်တို့ စီးပွားရေးများ အဆင်ပြေလာပြီး ဝင်ငွေများတိုးပွားလာမည်ဖြစ်ပါသည်။

(က.၃) ကျွန်ုပ်တို့ကျေးရွာပြည်သူလူထုသည် သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေရရှိမည်ဆိုပါက စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမှုများ ပိုမိုထည့်ဝင်နိုင်၍ ဝင်ငွေများ တိုးတက်လာမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

(ခ.၁) ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် လျှပ်စစ်မီး၊ကျောင်း၊ဆေးပေးခန်း၊ရွာချင်းဆက်လမ်းများ အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(ခ.၂) ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် စိုက်ပျိုးမွေးမြူရေး နည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ ရရှိစေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန၊မွေးကုဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(ခ.၃) ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေရရှိရန်အတွက် အစိုးရဌာနများနှင့်NGO အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွား မည်။

**၇။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေး အဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာ အဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်း များကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန် ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး**

ကျေးရွာတွင် စပါးအပြင် မတ်ပဲကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုး ကျရောက်ခြင်းသည် အဓိက ပြဿနာတစ်ရပ်ဖြစ်ပြီ ဖျက်ပိုး ထိရောက်စွာ နှိမ်နင်းရေးအတွက် နည်းစနစ်ရရှိရေး လိုအပ်သည် ဖျက်ပိုးနှိမ်နင်းရေးအတွက် သင်ဆိုင်ရာ ဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှု ပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံဖျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေသည့် နည်းပညာ အသုံးပြုပုံများ အပါအဝင် ပိုးမွှားနှိမ်နင်းရေး နည်းပညာအသစ် ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ အလယ်အလတ် တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမ အသင်းဖွဲ့စည်းထားခြင်း မရှိသဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ်သူ ရွာသားများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

**၈။ စီမံကိန်းစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ၅နှစ်တာ စီမံချက်ကာလတွင် ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိက သော့ချက်များ ဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက ၅နှစ်တာ စီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလကို ဖော်ထုတ် ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှု မရှိနိုင်ပါ။ဤသည်မှာ ကျေးရွာလူထုသည် ၂နှစ် ၃နှစ်တာ ကာလစီမံချက်များအတွက် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ၅ နှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများ ပြောင်းလဲမှု မရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ဗျူဟာမြောက်မှုဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်းစီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံပြီး အုပ်စုခွဲသည့်ကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း(Functional Classification)ဖြင့် ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း(Functional Classification)သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ် စွမ်းဆောင်ရည်မြှင့်တင်ရေး လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း(Functional Classification) ဝန်ကြီးဌာနများ၊ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်း အသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်အလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့် ခွဲခြားခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြား အေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါသည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက်( | ဦးစားပေး အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | ရွာလုံးကျွတ်မီးလင်းနိုင်ရေး ဆောင်ရွက်ခြင်း | ၁ | | | | | |
| ၂ | သင့်တင့်သောအတိုးနှုန်းဖြင့် ကာလရှည်ချေးငွေရရှိရန် ဆောင်ရွက်ခြင်း | ၂ | | | | | |
| ၃ | အလယ်တန်းကျောင်းအဖြစ် ချမှတ်ပေးရန်နှင့်ကျောင်းဆောင်သစ်ဆက်လက်ဆောက်လုပ်နိုင်ရန် ဆောင်ရွက်ခြင်း | ၃ | | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄ | ကျေးလက်ဆေးပေးခန်းရရှိရန် ဆောင်ရွက်ခြင်း | ၄ | | | | | |
| ၅ | ရွာချင်းဆက်လမ်းနှင့်ကုန်ထုတ် လမ်းကောင်းမွန်စေရန် ဆောင်ရွက်ခြင်း | ၅ | | | | | |
| ၆ | စိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များတိုးတက် ရရှိစေရန် ဆောင်ရွက်ခြင်း | ၆ | | | | | |
| ၇ | မွေးမြူရေးနည်းပညာတိုးတက် ရရှိစေရန် ဆောင်ရွက်ခြင်း | ၇ | | | | | |

**၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်**

အောက်ပါဇယားတွင် ဖော်ပြသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာအဖြစ်ကိုးကားရန် ပမာဏသာဖြစ်သည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင်စီမံချက် ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းချက် ဘတ်ဂျက် ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။

| စဉ် | စီမံချက် | ရန်ပုံငွေ | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
|---|---|---|---|---|---|---|
| ၁ | ရွာလုံးကျွတ်မီးလင်းနိုင်ရေး ဆောင်ရွက်ခြင်း | သိန်း၅၀၀ | | | | |
| ၂ | သင့်တင့်သောအတိုးနှုန်းဖြင့် ကာလရှည်ချေးငွေရရှိရန် ဆောင်ရွက်ခြင်း | သိန်း၃၀၀ | | | | |
| ၃ | အလယ်တန်းကျောင်းအဖြစ် ချမှတ်ပေးရန်နှင့်ကျောင်းဆောင် သစ်ဆက်လက်ဆောက်လုပ်နိုင် ရန် ဆောင်ရွက်ခြင်း | သိန်း၅၀၀ | | | | |
| ၄ | ကျေးလက်ဆေးပေးခန်းရရှိရန်ဆောင်ရွက်ခြင်း | သိန်း၁၅၀ | | | | |
| ၅ | ရွာချင်းဆက်လမ်းနှင့်ကုန်ထုတ်လမ်း ကောင်းမွန်စေရန် ဆောင်ရွက်ခြင်း | သိန်း၅၀ | | | | |
| ၆ | စိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များတိုးတက် ရရှိစေရန်ဆောင်ရွက်ခြင်း | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၇ | မွေးမြူရေးနည်းပညာတိုးတက်<br>ရရှိစေရန် ဆောင်ရွက်ခြင်း | | | | | |

**၁။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ- မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်ခြင်း ဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်း**

**ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှုတာဝန်ယူ ဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကို လည်း ရှာဖွေ ဆက်သွယ်ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်အတတ်နိုင်သော အကူအညီ များရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက် ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်မှုဆိုင် ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ဒေသ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ပုဂ္ဂလိက အဖွဲ့အစည်းများ၊လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြ ထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသောအဖွဲ့ခွဲ၏ တာဝန်

သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စများတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် မူကြိုကျောင်းပြုပြင်ခြင်းလုပ်ငန်းတွင် ကျောင်းသားမိဘများထံ စေတနာ အလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံ ခြင်းတို့ကိုဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ် ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ပါမည်။ ဤသို့ ဆောင်ရွက်နိုင်ရန်သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံး လုပ်ငန်းများ တည်ဆောက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

